# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်။
(၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်း ဥပဒေ။

[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်စာလုံးများသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) ''အစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရကို ဆိုလိုသည်။

(ခ) ''သန်းခေါင်စာရင်း'' ဆိုသည့်စကားရပ်တွင်၊ လူ၊ တိရစ္ဆာန်၊ ပစ္စည်းနှင့် လုပ်ငန်းစာရင်းများပါဝင်သည်။ ထိုပြင်ထိုစကားရပ်တွင်နမူနာကောက်ယူခြင်း၊ အပြည့်အဝ ကောက်ယူခြင်းတို့ လည်းပါဝင်သည်။

(ဂ) ''အိမ်ဆောက်အဦ'' ဆိုသည့်စကားရပ်တွင် လူနေထိုင်ရာနေရာ၊ တိရစ္ဆာန်ထားရာနေရာ၊ ပစ္စည်းထားရာနေရာ၊ အလုပ်လုပ်ရာနေရာအားလုံးပါဝင်သည်။

(ဃ) ''သတ်မှတ်သည်'' ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသည့် နည်းဥပဒေများ၊ သို့မဟုတ် ညွှန်ကြားချက်များဖြင့်သတ်မှတ်သည်ကို ဆိုလိုသည်။

၃။ ။အစိုးရသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင်သော်၎င်း၊ တစိတ်တဒေသတွင်သော်၎င်း သန်းခေါင်စာရင်းကောက်ယူနိုင်သည်။

၄။ ။(၁) အစိုးရသည်၊ ပုဒ်မ ၃ အရ သန်းခေါင်စာရင်းကောက်ယူရန် သန်းခေါင်စာရင်းကော်မရှင်တရပ်ကို ဖွဲ့စည်းနိုင်သည်။

(၂) သန်းခေါင်စာရင်းကော်မရှင်သည် သန်းခေါင်စာရင်းကောက်ယူရန်လိုအပ်သည့်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်၊ သို့မဟုတ်ပုဂ္ဂိုလ်များအားတာဝန်ပေးအပ်နိုင်သည်။

(၃) သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့များကို အစိုးရကဖွဲ့စည်းပေးနိုင်သည်။

၅။ (၁) သန်းခေါင်စာရင်းကော်မရှင်၊ သန်းခေါင်စာရင်းကောက်ယူရန်အဖွဲ့များနှင့် ပုဂ္ဂိုလ်များသည်၊ သန်းခေါင်စာရင်းနှင့် ပတ်သက်၍ ယင်းတို့အတွက် သတ်မှတ်ထားသော ဒေသအတွင်းရှိ ပြည်သူများအား သတ်မှတ်ထားသော မေးခွန်းများကိုမေးမြန်းပိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသော စာရင်းပုံစံများကို ဖြည့်သွင်းရန် တောင်းဆိုပိုင်ခွင့်ရှိသည်။

(၂) မေးခွန်းအမေးခံရသူတိုင်းသည်၊ မေးခွန်းနှင့် စပ်လျဉ်း၍မိမိသိရှိသမျှမှန်ကန်စွာဖြေဆိုရန်တာဝန်ရှိသည်။ စာရင်းပုံစံများတွင် မိမိသိရှိသမျှမှန်ကန်စွာဖြည့်သွင်းရန်တာဝန်ရှိသည်။

၆။ (၁) သန်းခေါင်စာရင်းကော်မရှင်၊ သန်းခေါင်စာရင်းကောက်ယူရန်အဖွဲ့နှင့် ပုဂ္ဂိုလ်များသည်—

(က) သန်းခေါင်စာရင်း ကောက်ယူရန်လုပ်ငန်းအတွက် မိမိတာဝန်ကျရာဒေသရှိအဆောက်အဦများအတွင်းသို့ ဝင်ရောက်ပိုင်ခွင့်ရှိသည်။

(ခ) အဆောက်အဦများတွင် လိုအပ်သည့် အမှတ်အသားများကို ပြုလုပ်ပိုင်ခွင့်ရှိသည်။

(၂) အဆောက်အဦပိုင်ရှင်၊ သို့မဟုတ် အဆောက်အဦတွင်နေထိုင်သူများသည်၊ သန်းခေါင်စာရင်းကော်မရှင်၊ သန်းခေါင်စာရင်းကောက်ယူရန်အဖွဲ့များနှင့်ပုဂ္ဂိုလ်များကို သန်းခေါင်စာရင်း ကောက်ယူရေးအတွက် အဆောက်အဦများအတွင်းဝင်ရောက်ရန်ခွင့်ပြုရမည်။

၇။ ဤဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့်အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှအပ၊ အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးမပြုရ၊ စစ်ဆေးခြင်းမရှိရ။

၈။ မည်သူမဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့မဟုတ်ဆန့်ကျင်လျှင်သော်၎င်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရာတွင်အနှောင့်အယှက်ပြုလျှင်သော်၎င်းခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၉။ အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက်အမိန့်ကြော်ငြာစာဖြင့် လိုအပ်သည့်နည်းဥပဒေများကိုပြုနိုင်သည်၊ ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။

၁၀။ ။မြန်မာနိုင်ငံသန်းခေါင်စာရင်း အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ရုပ်သိမ်းသည့်အခါ မြန်မာနိုင်ငံ ယေဘုယျ စကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက် စေရမည်။

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်။
(၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်)။

အမိန့်အရ
(ပုံ) ဦးကိုကို
အတွင်းရေးမှူး
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။